## ကျွန်ုပ်နှင့် သရဲခြောက်သော ဝါးရုံတော




### (၁)

အချိန်ကာလကား လမိုက်ည သန်းခေါင်ယံ ။ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုက တိတ်ဆိတ်စွာ ကြီးစိုးနေ၏ ။ နွေဦးပေါက်မို့ တစ်ချက်တစ်ချက် တိုက်ခတ်သော လေတိုးသံမှအပ မည်သည့်အသံမျှ မကြားရပေ ။ သက် ကယ်သောင် ရွာကလေးကား အမှောင်ထုအောက်ဝယ် တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိနေလေ၏ ။ ရွာတောင် ဖက်တွင်ရှိသော သချိုင်းကုန်းမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကြောင့် ခြောက်ခြားဖွယ် အလွန် ကောင်း လှပေ၏ ။ ထိုအခိုက် မပီပိုးတဝါး လမိုက်ညတွင် မဲမဲသဏ္ဍာန်နှစ်ခုက ရွာတောင်ဖက် သချိုင်းအလည်မှ တရွေ့ ရွေ့သွားနေ၏ ။ သက်ကယ်သောင်ရွာနှင့် ရွာသချိုင်းကြားတွင် လွန်စွာရှည်လျားသော ဝါးရုံတော ကြီးတစ်ခု ရှိလေ၏ ။ ထိုဝါးရုံတောနှင့် ရွာကလေးကလည်း အတော်အလှမ်းဝေး၏ ။ မဲမဲသဏ္ဍာန်နှစ်ခုကား သချိုင်းကို လွန်မြောက်ပြီးနောက် ဝါးရုံတောကြီးအောက်သို့ ရောက်ရှိလာ၏ ။ ကွမ်းတစ်ယာညက်ခန့် ကြာသော အခါ ဝါးရုံတောကြီးသည် တဝေါဝေါမြည်ကာ သွက်သွက်ခါအောင် လှုပ်ယမ်းလာချေ၏ ။ ထိုသို့ ဖြစ်ပြီး မကြာမီမှာ ပင် မဲမဲသဏ္ဍာန်နှစ်ခုသည် သက်ကယ်သောင်ရွာဆီသို့ ပြေးထွက်သွားလေ၏ ။

" ကယ်ကြပါဦးဗျို့.... ကယ်ကြပါဦး.. သ...သရဲ ခြောက်လို့ဗျို့ "

အမောတကော ပြေးဝင်လာပြီး အော်ဟစ်နေကြသော အသံများကြောင့် တစ်ရွာလုံးလိုလို နိုးလာလေသည် ။ ထို့ နောက် မီးအိမ်လေးတွေကိုင်ပြီး ရွာလယ်လမ်းမသို့ ထွက်လာကြ၏ ။

" အလို ထွန်းခင်နဲ့ ညိုအေးတို့ပါလား " ရွာလူကြီး ဦးအေးမောင်က လှမ်းမေးလိုက်သည် ။

" ဟော့ ဘာဖြစ်လာကြတာတုန်း ညကြီးမင်းကြီး အလန့်တကြားနဲ့ "

" ဟို...ဟို..."

ထိုနှစ်ယောက်ကား ရုတ်တရက် ပြန်မဖြေနိုင်ရှာပေ ။ မောဟိုက်လွန်း၍ အသက်ကို မနဲ ရှူရှိုက်နေရ၏ ။

" ကဲကဲ သူတို့ကို ရေတိုက်လိုက်ပါဦး " အတော်ကြာအမော ဖြေစေပြီးမှ ထွန်းခင်က

" ဟို ဟို ကျွန်တော်တို့နှစ်ယောက်က ကိုင်းဖိုးငွေတွေ သွားချေတာပါ အဲဒါ ရှစ်ဆိပ်ရွာကနေ အပြန် ရွာ သချိုင်း လည်း ဖြတ်ပြီးဂါးရုံတောလည်း ရောက်ရော ဂါးရုံတောကြီးက လေမတိုက်ပဲနဲ့ တဝေါဝေါ မြည်လာတယ် ပြီးတော့ ဂါးရုံ ပင်ကြီးတွေက ကျွန်တော်တို့ နှစ်ယောက်နောက်ကို လိုက်လာလို့ ကျွန်တော်တို့ အသက်လုပြီး ထွက်ပြေး လာရတာပါ "

" ဟေ.. ဟုတ်လို့လားကွာ ငါတို့ရွာမှာ ဒီလို အဖြစ်မျိုး တစ်ခါမှ မကြားဖူးပါဘူး "

ရွာသားအားလုံး တအံ့တသြနှင့် အထိတ်တလန့် ဖြစ်ကုန်ကြ၏ ။

" ဟယ် ဂါးရုံတောက သရဲခြောက်တယ်တဲ့ အောင်မလေး "

တစ်ယောက်တစ်ပေါက်ဆူညံကြကုန်၏ ။

" ကဲကဲ ဒါဆိုလည်း လူစုပြီး ဂါးရုံတောကို သွားကြည့်ကြရအောင် "

" ဟို ...ဟို.. ကျွန်တော်တို့တော့ ပြန်မလိုက်ရဲကြတော့ဘူး "

"အေး မင်းတို့ နှစ်ယောက်နေခဲ့ ကျန်တဲ့ ကာလသားတွေ ငါနဲ့လိုက်ခဲ့ "

သူကြီး ဦးအေးမောင် နောက်သို့ ကာလာသများ စုရုံးစုရုံးလိုက်သွားကြသည် ။ ဂါးရုံတောသို့အရောက် ခြေလှမ်း တိုင်း လိုလိုက နေးသွားကြလေသည်။ အမှောင်ထုအောက်ဝယ် ဂါးရုံတောကြီးကား မိစ္ဆာ ကောင်ကြီး ထိုင်နေ သည့် နယ် ။ အချို့ ကားကြောက်လွန်း၍ မျက်စိမျက်နှာများပင် ပျက်၍ နေပေသည် ။

လူအုပ်ကြီးက ဂါးရုံပင်ကို တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြည့်နေလေ၏ ။ တစ်နာရီခန့်ကြာသော် မည်သည့် ထူး ခြားမှုမှ မရှိသောကြောင့် ရွာသို့ ပြန်ခဲ့ကြလေသည် ။ နောက်တစ်နေ့ မနက်တွင် တစ်ရွာလုံးကား ဟိုတစ်စု ဒီတစ် စု နှင့် ဂါးရုံတော သရဲအကြောင်းကား တောမီးပမာ ပျံ့နှံ့သွားလေတော့သည် ။



(၂)

သရဲအခြောက်ခံရသော ထွန်းခင်နှင့် ညိုအေးတို့မှာလည်း အကြောက်လွန်ပြီး ကိုယ်တွေ ခြစ်ခြစ်တောက်ပူကာ ဆရာခေါ်၍ ကုသရလေသည် ။ ထိုသို့ဖြင့် အခြားရွာသို့ သွားစရာရှိလျှင် အခြာလမ်းမှ ပတ်သွားပြီး ဂါးရုံတောနှင့် ရွာသချိုင်းကို ဖြတ်သော လမ်းမှာ တစတစ တိတ်ဆိတ် ခြောက်သွေ့လာလေသည် ။ မဖြစ်မနေ ကိစ္စရှိမှသာလျှင် ထိုလမ်းကို အသုံးပြုကြလေသည် ။

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး ၂ ရက်ခန့်အကြာတွင် သက်ကယ်သောင်ရွာကလေးသို့ လူနှစ်ဦး ရောက်ရှိ လာ လေသည်။ တစ်ဦးကား အထူးကုဆရာဝန်လေး ဒေါက်တာ နိုင်ဇော်ဖြစ်ပြီး ကျန်တစ်ဦးကား ကျွန်ုပ်သက်တန့် ပင်ဖြစ်လေတော့သည် ။ ဒေါက်တာနိုင်ဇော်မှာ အသက် ၃၀ ခန့်ဂန်းကျင် အရပ်အမောင်း ထောင်ထောင် မောင်းမောင်းနှင့် လွန်စွာ ကိုယ်ခန္ဓာ အချိုးအစားကျလှသူ တစ်ဦးဖြစ်လေသည်။ သူသည် အထူးကု ဆရာဝန်ဘွဲ့ကြီးကို ယူထားသော်လည်း မြို့ကြီးပြကြီး တွင်မနေထိုင်ပဲ ကျေးလက်တောရွာများတွင် လှည့်လည် ဆေးကုသနေသော စေတနာ ဆရာဝန်တစ်ဦး ဖြစ်လေသည် ။ ထို့အပြင်သူသည် လွန်စွာ ဗဟုသုတနှင့် ပြည့်စုံသကဲ့သို့ တိုက်ရိုက်ခိုက်ရည်နှင့် ပြည့်စုံသော စွန့်စားပွဲသူ တစ်ဦးလည်း ဖြစ်ပေသည် ။ သူ့တွင် လိုင်စင်နှင့်ကိုင်သော တောပစ်သေနတ်တစ်လက်လည်း ရှိပေသည် ။ ကျွန်ုပ်သည် ထိုအချိန်က သာမန် ဆရာဝန်တစ်ဦး ဖြစ်ပြီး ဒေါက်တာနိုင်ဇော်နှင့် လွန်စွာ အတွဲညီလှသော ညီအစ်ကို ရင်းကဲ့သို့ သူငယ်ချင်းများ ဖြစ်ကြလေသည် ။ ကျေးလက်တောရွာများတွင် လှည့်လည်ဆေးကုရင်း သက်ကယ်သောင်ရွာသို့ အရောက်တွင် လူနာနှစ်ဦးနှင့် ဂါးရုံတောသရဲအကြောင်းက ဆီးကြိုနေလေသည် ။

ကျွန်ုပ်တို့ နှစ်ဦးသည် ရွာသို့ရောက်ရောက်ခြင်း ရွာလူကြီး ဦးအေးမောင်ဆီသို့ အကျိုး အကြောင်း သွားပြော ပြလေသည် ။ ဦးအေးမောင်သည် ကျွန်တော်တို့ အကြောင်းသိပြီးသောအခါ

" အခဆင်သင့်လိုက်တာ ဆရာတို့ရယ် အခုတလော ရွာမှာ ဂြိုလ်ဂင်နေတယ်ဗျာ ဂါးရုံတောသရဲအခြောက်ခံရတဲ့ နှစ်ယောက်ကလည်း သတိရတစ်ချက် မရတစ်ချက်နဲ့ တစ်ချက်လောက်ကြည့်ပါဦး ဆရာရယ် "

ထိုသို့ပြောပြီး မကြာခင်မှာပင် ရွာသားတစ်ဦး အမောတကောနှင့် ပြေးဝင်လာလေသည် ။

" သူကြီး သူကြီး ကိုထွန်းခင်ကြီး ဆုံးသွားလို့ တဲ့ အဲဒါသူကြီးကို လာအကြောင်းကြားတာပါ "

" ဟေ ဖြစ်ရလေကွာ ကဲ ကဲ ..ဆရာ တို့လည်း ရှိတုန်း တချက်လောက် ကြည့်ပေးပါဦး ဗျာ "

သို့ဖြင့် ကျွန်တော်တို့ နှစ်ဦးကား သူကြီးနှင့်အတူ ထွက်လာခဲ့ကြတော့သည် ။ အိမ်တစ်အိမ်အရောက်တွက် ရှိလေသည် ။ အိမ်ပေါ်သို့ တက်ကြည့်သော် ထွန်းခင်ဆိုသူကား အသက်သေဆုံးနေပြီ ဖြစ်လေသည် ။ ကြောက် မက်ဖွယ်ရာ တစ်ခုခုကို ကြုံတွေ့ပြီး မအိပ်နိုင်မစားနိုင်နှင့် စိတ်ခြောက်ခြားကာ အသက်သေဆုံးခြင်းပင် ဖြစ်လေ သည် ။

" အင်း ဖြစ်မှ ဖြစ်ရလေဗျာ ဒီလူကတော့ အသက်သေဆုံးသွားပါပြီ ကဲ နောက်တစ်ယောက်ကို သွားကြည့် ရအောင်ဗျာ "

ဒေါက်တာ နိုင်ဇော်မှ ပြောလိုက်သောကြောင့် ရွာသူကြီးက ညိုအေးအိမ်သို့ လိုက်ပို့ပေးလေသည် ။ အိမ်သို့ ရောက် သော် ညိုအေးမှာလည်း အခြေအနေမကောင်း ။ အဖျားတွေ တက်ကာ ကယောင်ကတမ်းဖြင့်

" သရဲ...သရဲ..အောင်မလေး ..ကြောက်ပါပြီဗျ"

ဟု၍ ညည်းငြူနေလေသည်။ ဒေါက်တာနိုင်ဇော်သည် လူနာကို အသေအချာစမ်းသပ်ပြီး ဆေးတစ်လုံးထိုးကာ သောက်ရမည့် ဆေးများပါ ပေးခဲ့လေသည် ။ ထို့နောက် အိမ်မှ ပြန်ဆင်းလာကာ သူကြီးကို ပြောပြီး ရွာထဲသို့ လှည့်လည်ခဲ့လေသည် ။

သက်ကယ်သောင်ရွာကား ရွာကြီးတစ်ရွာမဟုတ်သော်လည်း အတော်အသင့် ကြီးမားသော ရွာတစ်ရွာ ဖြစ်လေ သည် ။ ရွာ၏ အနောက်ဖက်တွင် ဧရာဝတီ မြစ်ကြီး ရှိပြီး တောင်ဖက်တွင် သချိုင်းကုန်း မြောက်ဖက်တွင် သီးနှံစိုက် ခင်းများနှင့် လွန်စွာ နေချင့်စဖွယ်ကောင်းသော ရွာတစ်ရွာပင် ဖြစ်လေသည် ။ ရွာကလေးမှာကား သရဲ ခြောက်ခံရပြီး တစ်ပါတ်အကြာတွင် တစ်ယောက် သေဆုံးသွားသည့်အတွက် ညနေစောင်းပင် ဖြစ်လင့်ကစား ရွာထဲဝယ် လူသွားလူလာမရှိသလောက် တိတ်ဆိတ်နေကြလေသည် ။ ထိုအခိုက် ကျွန်တော်တို့ရှေ့တွင် ငှက်ပျောပွဲ အုန်းပွဲများကို ခေါင်းပေါ်ရွက်၍ သွားနေကြသော လူတစ်စုကို တွေ့ရလေသည် ။ အကျိုး အကြောင်း မေးမြန်းကြည့်သော် ငှက်ပျောပွဲ ရွက်ထားသူမှာ နတ်ကတော် ဒေါ် စိန်ပုဆို သူဖြစ်ပြီး ထိုလူစုသည် ဂါးရုံပင် သရဲကို ပူဇော်ရန်နှင့် ကွင်းပိုင်လယ်ပိုင်တို့ကို တောင်းပန်ရန်အတွက် ရွာတောင်ဖက် သို့ သွားနေ ခြင်းဖြစ် ကြောင်း သိရလေသည် ။

ကျေးလက်တောရွာသူတောရွာသား များ၏ ယုံကြည်မှု ဖြစ်သောကြောင့် ကျွန်ုပ်တို့ နှစ်ဦး လည်း ဘာမှ မပြောတော့ပဲ သူတို့အုပ်စုနှင့် မလှမ်းမကမ်းမှနေ၍ ရွာတောင်ဖက်သို့ ထွက်လာ ခဲ့ တော့သည် ။

စကားတပြောပြောနှင့် ကွမ်းတယာညက်ခန့်အကြာတွင် သရဲခြောက်သည်ဟု လွန်စွာ နာမည်ကြီးသော ဂါးရုံတော ကြီးဆီသို့ ရောက်ခဲ့လေတော့သည် ။ နေညိုချိန်မို့ လေတဖြူးဖြူးတိုက်ခတ်လျှက်ရှိရာ အလင်းရောင် ရှိသော အချိန်တွင်ပင် ဂါးရုံတောကြီးကား ဘယ်ညာယိမ်းနေသည်မှာ တစ္ဆေတစ်ကောင်နှင့် တူလှပေသည် ။ ရွာသား များသည် ဂါးရုံတောနှင့် ခပ်လှမ်းလှမ်းတွင် ရှိသော တောင်ကမူလေးတစ်ခုတွင် ယူဆောင်လာသော ငှက် ပျောပွဲ အုန်းပွဲများကို တင်ပြီး ပူဇော်ပသကြလသည် ။ ကျွန်ုပ်တို့ နှစ်ဦးလည်း တအောင့်မျှ အကဲခတ်ကာ တည်းခို ရာအိမ်သို့ ပြန်ခဲ့ကြလေတော့သည် ။

(၃)

နောက်တစ်နေ့ နံနက်တွင် ကောက်ညှင်းပေါင်းနှင့် ဆတ်သားခြောက်ကို အဖန်ရေနှင့် လွေးနေခိုက် ဒေါက်တာ နိုင်ဇော်က

" ကိုသက်တန့်ရေ.. ကျွန်တော်တို့ တောလည်ကြရအောင် ဂါးရုံတောသရဲ အကြောင်းလည်း စုံစမ်းရင်းနဲ့ပေါ့ ဘယ့် နှယ့် လည်း မကောင်းဘူးလား "

" ကောင်းသားပဲ ကိုနိုင်ဇော်ရသွားရအောင်လေ အမဲ မပစ်ရတာလည်း ကြာပေါ့ "

ပြောပြောဆိုဆို ကျွန်ုပ်သည် နံနက်စာစားခြင်းကို လတ်စသတ်လိုက်ပြီး ထမည်အပြုတွင်

" ဆရာ....ဆရာ ဟို... အဖေက ဟင်းပို့ခိုင်းလို့ပါ "

" အော်..ဟုတ်ကဲ့..လာပြီခင်ဗျ "

အိမ်ရှေ့သို့ထွက်ကြည့်သောအခါ နွဲ့နှောင်းသော ကိုယ်ဟန်နှင့် မိန်းမပျို တစ်ဦးကို တွေ့ရလေသည် ။

" ကျေးဇူးပဲနော်.. ဒါနဲ့ ညီမ အဖေက ဘယ်သူတုန်း "

" ဦးအေးမောင်ပါ ဆရာ "

" အော်.. သူကြီးကိုး.. ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်လို့ ပြောပေးပါခင်ဗျ "

" ဟုတ်ကဲ့ရှင့် ပြန်ခွင့်ပြုပါဦးဆရာ "

" ဟုတ်ကဲ့ "

မိန်းမပျိုလေး ပြန်သွားပြီးနောက် ဒေါက်တာနိုင်ဇော်က

" ဘယ်သူတုန်း ကိုသက်တန့်ရ "

" သူကြီးသမီးပါ ကိုနိုင်ဇော် ဟင်းလာပို့တာ ကဲ သွားကြရအောင် "

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဒေါက်တာနိုင်ဇော်က လက်စွဲတော် သေနတ်ကို စွဲကာ နှစ်ဦးသား ထွက်ခဲ့ကြလေ တော့ သည် ။

ရွာတောင်ဖက်ရှိ ဂါးရုံတောသို့အရောက်တွင် ဒေါက်တာ နိုင်ဇော်က ဂါးရုံတော အောက်ခြေသို့ ဆင်းရန်ပြင်လေ သည် ။ ဂါးရုံတော အောက်ခြေကား လူတရပ်မျှ ရှိသော ကိုင်းပင်များဖြင့် အုံ့ဆိုင်းလျှက်ရှိရာ အတွင်းသို့ ထိုး ဖောက်၍ မမြင်ရပေ ။

" ဖြစ်ပါ့မလား ကိုနိုင်ဇော်ရ မြွေတွေဘာတွေ တွေ့မှဖြင့် "

" အေးဗျ ကိုင်းပင်တွေက အတော့်ကို ထူတာပဲ ကျွန်တော်တော့ ဒီဂါးရုံတော အောက်ခြေမှာ လျှို့ပုက်ချက်ရှိတယ် ထင်တယ်ဗျာ "

" ကဲ ညရောက်မှ သရဲခြောက်မခြောက်လာ ကြည့်တာပေါ့ဗျာ အခုတောဝင်စို့ "

ပြောပြောဆိုဆို ကျွန်ုပ်က ဂါးရုံတော အလယ်တွင်လူတစ်ယောက်သွားနိုင်သော ခြုံလမ်းလေးထဲသို့ တိုးဝင်လိုက်လေသည် ။ ဂါးရုံတောနောက်တွင် ရိုးမတောအုပ်ကြီး တည်ရှိပြီး ဂါးရုံတောကား တောအုပ်ကြီး အဝင ʻပေါက်ကို ပိတ်ထားသကဲ့သို့ ရှိလေသည် ။ ကျွန်ုပ်သည် ဝင်ပေါက်ကို သက်ကယ်သောင်ရွာရှိ မုဆိုးများထံမှ စနည်းနာခဲ့ခြင်းဖြစ်သည် ။ ကျွန်ုပ်တို့ ဆရာဝန် နှစ်ဦးကား လူ့အသက်ကို ကယ်ရသော အလုပ်ကို လုပ်ရသော် လည်း အမဲလိုက်ခြင်းကိုမူ လွန်စွာ ဝါသနာပါလေသည် ။ ( ကျွန်ုပ်နှင့် ဒေါက်တာနိုင်ဇော် တို့၏ တောတွင်း အတွေ့ အကြုံများကို နောင်အခါ ရေးသားပါဦးမည် ) ။ ကျွန်ုပ်တို့သည် ယုန် ၊ မျောက် ၊ သမင်စသော အကောင် ငယ်လေးများကို တွေ့သော်လည်း ပစ်ခတ်ခြင်းမပြုပဲ တောနက်ထဲသို့ ဆက်၍ ဝင်ခဲ့ကြသည် ။ တောတွင်း တစ်နေရာ လျှိုမြောင်ကြီး ဆီသို့ အရောက်တွင် ဒေါက်တာနိုင်ဇော်က လက်ကာပြလိုက်၍ ကျွန်ုပ်လည်း ဒူးထောက်ထိုင်ချ လိုက်လေသည် ။

" ကိုသက်တန့် ကျွန်တော်တို့ အခြေအနေမကောင်းဘူးဗျ ဒီနားတစ်ပိုက်မှာ နောကျူးကြီး (ပြောင်) ရှိနေတယ် ကျွန်တော်တို့က လေညာအောက်ရောက်နေတယ်ဟို ကုန်းမြင့်ပေါ်တက်နိုင်မှ ဖြစ်မယ်ဗျ လာလာ "

ဟုဆိုကာ ရှေ့မှ ဦးဆောင်၍ တက်သွားလေသည် ။ ကျွန်ုပ်မှာ ပြောင်သဘာဝကို သိပြီး ဖြစ်သည့် အလျောက် ဇော်ချွေး များ ပျံလာမိသည် ။ ပြောင်များသည် အနံ့ခံ ကောင်းသလောက် သင်းကွဲ ( အုပ်စုကွဲ

) ဆိုလျှင် တွေ့ရာ ဂမုန်းရှူး ထိုး ရန်မူတတ်ပေသည်။ လေညှာတွင် ရှိသော သတ္တဝါကို အနံ့ခံအာရုံဖြင့် ခွဲခြားနိုင်စွမ်း ရှိလေသည်။

တောင်ကုန်းပေါ်ရှိ သစ်ပင်ကြီးအောက်သို့ ရောက်မှသာလျှင် ကျွန်ုပ်လည်း အသက်ပြင်းပြင်း ရှူနိုင်လေသည်။ ဒေါက်တာနိုင်ဇော်မှာ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာ ဒူးထောက်ထိုင်နေပြီး ပတ်ဂန်းကျင်ကို အကဲ ခတ်နေသည်။ ထိုအခိုက် စောစောက ကျွန်ုပ်တို့ ရပ်နေခဲ့သော နေရာသို့ ပြောင်ကြီးက ဂင်လာနေသည်။ ဒေါက်တာ နိုင်ဇော်သည် တည်ငြိမ်စွာဖြင့် သေနတ်ကို ချိန်လိုက်ပြီး ပစ်ချလိုက်လေတော့သည်။

" ဒိုင်း "

ယမ်းပေါက်ကွဲသံကြီးကြောင့် တစ်တောလုံးရှိ ကျေးငှက်များ လန့်ဖြန့် ပျံကုန်ကြသည်။ ထိုအခိုက် ထူးဆန်းသော ဖြစ်ရပ်ကို မျက်ဂါးထင်ထင် ကြုံရလေတော့သည်။ ယင်းမှာ ပြောင်ကြီးသည် ချက်ကောင်းကို ထိပါလျှက်နှင့် လဲမကျ သွားသည့်အပြင် ကျွန်ုပ်တို့ နှစ်ယောက်ကို တွေ့သွားပြီ ဖြစ်၍ တောင်ကုန်းပေါ်သို့ တဟုန်ထိုး ပြေး တက် လာလေသည်။ ကျွန်ုပ်လည်း အသက်မျှပင် မရှူရဲပဲ မကြံတတ်အောင်ပင် ဖြစ်သွားလေသည်။ ပြောင်ကြီးသည် ကျွန်ုပ်တို့နှင့် တဖြည်းဖြည်း နီးလာပေသည်။ ထိုအခိုက် ဒေါက်တာနိုင်ဇော်ကို ကြည့်လိုက်ရာ စိတ်မပူသည့် အလား အေးအေးဆေးဆေးပင် ထိုင်နေလေသည်။ ပြောင်ကြီးကား ကျွန်ုပ်တို့ နှင့် သုံးကိုက်လောက် အကွာတွင် ဗုန်း ကနဲ လဲကျသွားပေတော့သည်။ ထိုအခါမှ ကျွန်ုပ်လည်း အသက်ပြင်းပြင်း ရှူရဲလေတော့သည်။ ဒေါက်တာ နိုင်ဇော်က

" ဒီလို ရှိတယ် ကိုသက်တန့်ရ ပြောင်တွေက သွေးနွေးသတ္တဝါတွေထဲမှာ နာကျင်မှုဒဏ်ကို အခံနိုင်ဆုံးနဲ့ ဒေါသအကြီးဆုံး အကောင်တွေပဲ စောစောက ကျွန်တော်ပစ်လိုက်တာက သူ့ရဲ့ လက်ဖျံရိုးအောက်တည့်တည့်ပဲ ဒါပေမယ့် သူတို့ကို ရန်မူမှန်းသိတော့ ဒီကောင်တွေက လတ်တလောဒဏ်ရာကို မေ့သွားတယ်ဗျ ပြီးတော့ ရန်သူရှိ ရာကို ရန်ပြုဖို့ ပြေးလာတယ်။ ဒါပေမယ့် နှလုံးကို ထိထားတဲ့ ဒဏ်နဲ့ ကုန်းတက်ကြီးကို ဒင်း ငါးကိုက် လောက်အပြင် ပြေးမတတ်နိုင်ပါဘူးဗျာ "

ဟု ရှင်းပြလေသည်။ ထိုအခါမှ ကျွန်တော်လည်း ဒေါက်တာနိုင်ဇော်၏ ဗဟုသုတ ကြွယ်ဂပုံတို့ကို အသိအမှတ်ပြုရလေတော့သည်။ ကျွန်ုပ်တို့ နှစ်ဦးလည်း ပြောင်ကြီးကို ဂါးလုံးဖြင့် လျှိုထမ်း၍ ရွာသို့ ပြန်ကာ ရွာသား များအား ခွဲဂေပေးလိုက်လေတော့သည်။

(၄)

အကာလ ညအချိန်မို့ လူခြေက တိတ်ဆိတ်နေသည်။ ထိုအချိန် ဂါးရုံတောကြီးနှင့် မလှမ်းမကမ်းရှိ သစ်ပင်ကြီး တစ်ပင်ကြီးတစ်ပင်ပေါ်တွင် ဖွဲ့နဘဲကြီးစွာ စောင့်ဆိုင်းနေကြသူ နှစ်ဦးကား ဒေါက်တာနိုင်ဇော်နှင့် ကျွန်ုပ်ပင် ဖြစ် လေ သည်။ ကျွန်ုပ်တို့ကား ခြင်ကိုက်လည်း မရိုက်ရဲ အပေါ့အပါးလည်း မသွားရဲဘဲ ဂါးရုံတောသို့သာ စူးစိုက် ကြည့်နေကြရသည်။ နာရီပြန် ၂

ချက်ထိုးသောအခါ လူများကလည်း ငိုက်မျည်းစပြုလာသည် ။

" ဆရာနိုင်ဇော်ရေ ဒီည သရဲက ခြောက်ပါ့မလားဗျ"

" အင်းအသေအချာတော့ မပြောနိုင်ဘူးဗျ စောင့်တော့ကြည့်ရမှာပဲ "

ထိုအခိုက်

" ဆရာ.. ဆရာ.. အဖေက ညဥ့်နက်နေပြီဆိုလို့ ဆရာတို့ကို ခေါ်ခိုင်းလိုက်လို့ ဆင်းလာပါဦး "

ဟု အော်သံကို ကြားရလေသည် ။ အောက်သို့ငုံ့ကြည့်လိုက်သောအခါ ကျွန်ုပ်တို့ကို ဟင်းလာပေးသော သူကြီး သမီး ဖြစ်နေလေသည် ။ ကျွန်ုပ်က ပြန်ပြောမည်အပြုတွင် ဒေါက်တာနိုင်ဇော်က

" ရှူးတိုးတိုး ဆရာ ဘာမှ ပြန်မပြောနဲ့ ကျွန်တော်နောက်မှရှင်းပြမယ် "

ဟုတည်ငြိမ်စွာ ပြောလေသည် ။ သစ်ပင်အောက်မှ မိန်းကလေးကလည်း လေးငါးခါလောက် အော်ခေါ်လေသည် ။ အတန်ကြာသောအခါ ကျွန်ုပ်တို့ မဆင်းလာမှန်းသိသည်နှင့် ကျွန်ုပ်တို့နှစ်ဦးရှိရာသို့ စူးစူးစိုက်စိုက် ကြည့်ကာ အမှောင် ထုထဲ ဂင်ရောက်ပျောက်ကွယ်သွားလေသည် ။ ကျွန်ုပ်၏ ရင်ထဲတွင် အေးခဲသော လက်ကြီးနှင့် စွဲဆုပ် ထားဘိသကဲ့သို့ ခံစားလိုက်ရလေတော့သည် ။

" ဒီလိုဆရာရဲ့ ဒီအချိန်ကြီးမှာ သူကြီးက သူ့သမီး မိန်းမပျိုလေးကို ကျွန်တော်တို့ နှစ်ယောက်တည်းရှိတဲ့ နေရာကို လာခေါ်ခိုင်းပါ့မလား စဉ်းစားပါဦး နောက်ပြီး ဆရာသတိထားမိလား ဒီမိန်းမက လုံးဝမျက်တောင်မခတ်ဘူးဗျို့ အမှန်တော့ ဒီလို တောတွေမှာ တောခြောက်တာတွေ နာနာဘာဝတွေ အများကြီး ရှိပါတယ် ကျွန်တော်တို့ကို ရမလားလို့ လှည့်စားတာပေါ့ဗျာ "

ဟုရှင်းပြလေသည် ။ ထိုအခါမှ ကျွန်ုပ်လည်း ကြက်သီးထမိသွားသည် ။ ဒေါက်တာ နိုင်ဇော်မပါပဲ ကျွန်ုပ် တစ်ယောက်တည်းသာဆိုလျှင် ဆင်းသွားမိမှာ သေချာပေသည် ။ ထိုအခိုက် ဂါးရုံတောကြီးကား တဟီးဟီး မြည် လာပြီး ယိမ်းထိုးလာလေသည် ။ ထူးဆန်းသည်မှာ ဘေးနားမှ သစ်ပင်များမှာ တုတ်တုတ်မျှ မလှုပ် ။ ဂါးရုံပင် များသာလျှင် သွက်သွက်ခါအောင် လှုပ်ခါနေခြင်းဖြစ်၏ ။ ကျွန်ုပ်တို့နှစ်ဦးလည်း သရဲခြောက်ခြင်းကို မယုံကြည် သူများ ဖြစ်သော်လည်း ယခုအခါ မစဉ်းစားတတ်အောင် ဖြစ်ရလေ၏ ။ နာရီဝက်ခန့် လှုပ်ခါပြီးသောအခါ တ ဖြည်းဖြည်း ငြိမ်သက်သွားလေတော့သည် ။ ကျွန်ုပ်တို့လည်း ဆက်လက်၍ ထူးခြားမှုများ မရှိတော့သောအခါ အောက် သို့ ဆင်းပြီး တည်းခိုရာ အိမ်သို့ ပြန်ခဲ့ကြလေတော့သည် ။

နံနက်ရောက်သောအခါ သူကြီးကို ညတုန်းက ကြုံခဲ့ရသည်များကို ပြန်၍ ပြောပြလိုက်ရာ သူကြီးဦးအေးမောင်မှာ လွန်စွာ ထိတ်လန့်အံ့သြလျှက်ရှိပြီး သူကြီးသမီးမှာ အံ့သြနေသော အမူအယာ ရှိလေသည် ။ သို့နှင့် ကျွန်ုပ်တို့ သူငယ် ချင်း နှစ်ဦးလည်း မတွေးတတ်အောင်ပင် ရှိနေတော့သည် ။ ညတုန်းက အိပ်ရေးပျက်ခဲ့သောကြောင့် ကျွန်ုပ်တို့ နှစ်ဦးလည်း တည်းခိုရာအိမ် သို့ ပြန်ပြီး တရေးတမော

အိပ်စက်ကြလေသည် ။ ညနေစောင်း ငါးနာ ရီအချိန်လောက်တွင် လူပေါင်း ၁၀ယောက် ခန့်ပါသော လူအုပ်ကြီးသည် ရွာလယ်လမ်းတလျှောက် ဖုန် တပုန်း ပုန်း ရှိအောင် သွားနေကြလေသည် ။

ထိုလူအုပ်ကြီး အလယ်တွင် လွန်စွာ သွေးစုပ်ဖြူလျော်လျှက်ရှိသော လူတစ်ဦးကို စောင်ပုခက်အတွက် သယ် ဆောင်လျှက် ကျွန်ုပ်တို့ နှစ်ဦး တည်းခိုရာ နေအိမ်အတွင်းသို့ ဝင်ရောက်လာ ကြလေသည် ။ ကျွန်ုပ်တို့လည်း အခြေ အနေကို မေးမြန်းကြည့်ရာ

" ကယ်ပါဦး ဆရာရယ် ဒါက ကျွန်တော်တို့ရွာကို လာနေကြ ကုန်သည်ကိုဘအေးပါ တစ်လ တစ်ခါလောက် လာ လေ့ရှိပါတယ် ဒီတစ်ခေါက်လာတာ ငါးရုံတောကြီး နားအရောက်မှာ လဲကျနေတာတွေ့လို့ ရွာသားတွေက သယ် လာတာပါ ဆရာဝန်တွေလည်း ဒီမှာ ရှိတယ်ဆိုလို့ ကျွန်တော်တို့ သယ်လာတာပါ "

သို့နှင့် ကျွန်ုပ်တို့လည်း လူနာကို စပ်းသပ်ကြည့်ရာ နလုံးအားနည်းနေသည်က တစ်ကြောင်း ထိတ်လန့်စရာ တစ်ခုခုကို ရုတ်တရက်တွေ့လိုက်ရ၍ သွေးလန့်သွားခြင်းပင် ဖြစ်လေသည် ။ လိုအပ်သော ကုသမှုများပေးပြီး လူနာ ကို ကျွန်ုပ်တို့ နှစ်ဦးပင် စောင့်ကြည့်လေသည် ။ တစ်နာရီခန့်ကြာသောအခါ လူနာမှာ အတော်အတန် ထူထူ ထောင်ထောင် ဖြစ်လာလေသည် ။

" ကဲဆိုစမ်းပါဦးဗျ ဘာတွေများ တွေ့ကြုံခဲ့ရလို့လဲ "

" ဒီလိုပါဆရာ ကျွန်တော့်နာမည်က ဘအေးပါ ကျွန်တော်က ဒီရွာကို တစ်လတစ်ခါတော့ ကုန်ရောင်းကုန်သည် အ လုပ်နဲ့ လာနေကျပါ အခုတစ်ခေါက် မြို့ က ထွက်လာကတည်းက ဘာမှမစားလာမိဘူးဆရာ ဒါနဲ့ ရွာတောင် ဖက်က တောစပ်က ငါးရုံတော အောက်မှာ ကျွန်တော်ခဏနားပါတယ် ။ ပြီးတော့ကျွန်တော် ဗိုက်ဆာလွန်းလို့ မြို့က ဝယ်လာတဲ့ ခေါက်ဆွဲခြောက်တွေ ပြုတ်သောက်ဖို့ ငါးရုံပင်အောက်မှာ မီးမွှေးပါတယ်ဆရာ အဲဒီလို မီး မွှေးပြီး ငါးနဲနဲလိုနေလို့ ကျွန်တော် ငါးရုံတောအစပ်က ငါးပင်ပေါက်လေးကို သွားနုတ်မိပါတယ် ။ နုတ်လိုက် တဲ့အခါ အထဲက သွေးတွေ ပန်းထွက်လာပါတယ် ကျွန်တော်ဖြင့်ကြောက်လိုက်တာ လွန်ပါရောဗျာ တောခြောက် တာလား ဘာလားတော့ မသိပါဘူး ဗျာ "

ထိုသို့ ပြောလိုက်သောအခါ ဒေါက်တာ နိုင်ဇော်က တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် အားရပမ်းသာစွာ

" ကဲဒါဆို ကျွန်တော်တို့ကို အဲဒီ သွေးတွေထွက်တဲ့ နေရာ လိုက်ပို့နိုင်မလားဗျာ ကျွန်တော့်မှာ သေနတ်လည်း ပါ ပါတယ် "

" ဟုတ်ကဲ့ ကျွန်တော်လိုက်ပို့ပေးပါ့မယ် "

သို့ဖြင့် ကိုဘအေး ၊ ဒေါက်တာ နိုင်ဇော် ၊ ကျွန်ုပ်နှင့် ရွာသား သုံးလေးယောက်တို့ ရွာ တောင်ဖက်သို့ ထွက်လာခဲ့ကြပေတော့သည် ။

(၅)

ဂါးရုံတောကြီး အလယ်တည့်တည့် ကျွန်ုပ်တို့ ရိုးမတော ထဲ ဂင်သော အစပ်နားလောက်တွင် သေွးကွက်ကြီးကို ထင်ထင် ရှားရှား မြင်လိုက်ရပေသည် ။ သွေးများကား ဂါးပင်နုတ်သော နေရာမှ ထွက်နေဆဲပင် ရှိသေးသည် ။ ရွာသား များကား သို့လော သို့လောနှင့် အလွန်ပင် ထိတ်လန့်တုန်လှုပ်လိုက်ရှိပေသည် ။ ဒေါက်တာနိုင်ဇော်ကား မှိုရသော မျက်နှာကဲ့သို့ အထူးပင် ဂမ်းသာလျှက် ရှိပေသည် ။

" ဘယ့်နှယ့်တုန်း ကိုနိုင်ဇော်ရ ပြုံးလှချည်လား "

" ဟဲဟဲ ပြုံးဆို အဖြေကို ကျွန်တော်သိပြီဗျ ဒါပေမယ့် ကျိန်းသေအောင်တော့ ကိုသက်တန့်ရယ် ကျွန်တော်ရယ် ဒီည စမ်းသပ်မှု တစ်ခု လုပ်ရလိမ့်မယ် "

" ဟုတ်လား ကျွန်တော်ဖြင့်မ စဉ်းစားတတ်အောင်ပါပဲ ဗျာ "

" ညရောက်ရင် ဒီသရဲ ဆိုတာကို ခင်ဗျား မျက်မြင်တွေ့ရပါစေ့မယ် ဗျာ...ဟားဟားဟား "

ဒေါက်တာနိုင်ဇော်ကို ကြည့်ရင်း ကျွန်ုပ်လည်း အတော်ပင် စိတ်အားတတ်သွားမိလေသည် ။ သို့နှင့်....

ဂါးရုံတောကြီးကား အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေသည် ။ ဟိုနားဒီနား ဖျက်ကနဲ တွေ့လိုက်ရသော အရိပ်များကား ကျွန်ုပ်ကို ခြောက်လှန့်လျက်ရှိသည် ။ နေ့လည်က တွေ့ခဲ့သော သွေး ကွက် များကား ခြောက်လျှက် ရှိပေသည် ။

" ကျွန်တော်ယူခိုင်းလိုက်တာတွေ ပါရဲ့လား ကိုသက်တန့် "

" ပါ ပါတယ်ဗျာ ဒီမှာ ရော့ "

ဒေါက်တာနိုင်ဇော် ကျွန်ုပ်ကို ယူဆောင်ခိုင်းသော ပစ္စည်းများမှာ ကောက်ရိုးခြောက် အနည်းငယ်နှင့် မီးခြစ်ပင် ဖြစ်ပေ သည် ။ ထို့နောက် ဒေါက်တာ နိုင်ဇော်သည် ဂါးရုံတော အောက်ခြေတွင် မီးပုံတစ်ခုကို ဖိုလေသည် ။ ထိုသို့ ဖိုပြီး မကြာခင်မှာပင် ဂါးရုံတောကြီးကား သွက်သွက်ခါအောင် လှုပ်ယမ်းလာလေသည် ။ အခြားသစ် ပင်များကား မလှုပ်ပေ ။ ဂါးပင်များသာလျှင် တစ်စုံတစ်ဦးက လှုပ်ယမ်းနေသကဲ့သို့ လှုပ်ခါနေခြင်းဖြစ်သည် ။ အတန်ကြာသောအခါ ဒေါက်တာ နိုင်ဇော်က မီးပုံကို ငြိမ်းသတ်ပစ်လိုက်လေသည် ။ ထိုအခါ ဂါးရုံတောကြီးကား တစ်စတစ်စ ပြန်လည် ငြိမ်သက်သွားလေတော့သည် ။

" ဘယ်လို ဖြစ်တာတုန်း ကိုနိုင်ဇော်ရ ကျွန်တော်တော့ ဘာမှကို မစဉ်းစားတတ်တော့ဘူး "

" ခင်ဗျားကို အဖြေမပြောခင် နောက်တစ်ခု ပြအုန်းမယ်ဗျ လာ "

ဟုဆိုကာ ဂါးရုံတော အစပ်ရှိ ဂါးပင်များရှိရာသို့ ဦးတည်လျှောက်သွားလေသည် ။

ဒေါက်တာ နိုင်ဇော်သည် ဂါးအသေးပင်တစ်ပင်ကို ဆတ်ကနဲ နှုတ်ယူလိုက်လေသည် ။ ထိုအခါ ဂါးရုံတောကြီးမှာ စော စောကကဲ့သို့ လှုပ်ရှားယိမ်းထိုးလာလေသည် ။ ထို့ထက် အံ့ဩဖွယ်ကောင်းသည်မှာ ဂါးနှုတ်လိုက်သော နေ ရာမှ သွေးများပန်းထွက်လာခြင်းပင် ဖြစ်သည် ။ နာ ရီဂက်ခန့် ကြာသောအ ခါမှသာလျှင် ပြန်လည် တည်ငြိမ် သွား လေတော့သည် ။

" ဘယ်လို ဖြစ်တာတုန်းကို နိုင်ဇော်ရ ဒီဂါးရုံတောက အသက်များ ရှိနေလား "

" ဂါးရုံတောကတော့ အသက်ဘယ်ရှိမလဲဗျာ ဂါးရုံတော အောက်ခြေမှာ အသက်ရှိတဲ့အ ကောင်ရှိနေလို့ပေါ့ "

" ဗျာ ဘယ်..ဘယ်လို "

" ဒီလိုဗျ ဆရာ ကြားဖူးလား မသိဘူး ရှေးနှစ်ပေါင်းများစွာ က သတ္တဂါကြီးတွေဟာ အလွန် အမင်းကြီး ထွားခဲ့ကြတယ် ဒါကြောင့် ကုန်းမှာ မြွေပွေး ရေမှာ ငရွှေး ဆိုပြီး အဆိုရှိခဲ့ကြတယ်ဗျ ရေထဲမှာဆို ငရွှေးဆိုတဲ့ ငါး ဟာ အကြီးဆုံးပဲ သူပြီးမှ ညံ့ သတ္တဂါတွေက အကြီးဆုံးပဲ မြေကြီးထဲမှာ ဆိုရင် ကုန်းနေသတ္တဂါတွေထဲမှာ ဆိုရင်ပေါ့ ဗျာ မြွေပွေးက အကြီးဆုံးပဲဗျ ဒီကောင်တွေက အစာစားပြီးတာနဲ့ တစ်နေရာရာမှာ နှစ်နဲ့ ချီပြီး ငြိမ်ငြိမ် လေး နေနေလေ့ ရှိတယ်ဗျ ရာသီဥတုတွေပြောင်းတော့ သူတို့ကိုယ်ပေါ်မှာ လေဒါက်မိုးဒါက်နဲ့ အလေ့ကျ အပင် တွေ ပေါက်လာတယ် မျုစ်စို့လေးတွေ လည်းပေါက်လာပြီး နောက်ပိုင်းကြီးလာတဲ့အခါ သူတို့ ကိုယ်က အသား တွေကို ဖောက်ပြီး ဂါးရုံပင်တွေပေါက်လာတယ် ဒါပေမယ့်လည်း ဒီကောင်တွေက ငြိမ်နေတော့ မသိသာ ဘူးပေါ့ ဒါပေမယ့် ဂါးရုံပင်ကို နှုတ်လိုက်တဲ့အခါ သူတို့ ကိုယ်ပေါ်က အသားတွေကို ဆွဲနှုတ်သလို ဖြစ်ပြီး သွေး တွေ ထွက်လာတာပဲဗျို့ ပြီးတော့ သူတို့ ကိုယ်ပေါ်ကိုမီးမွှေးတော့ အပူဒါက်ကြောင့် မြွေကြီး လှုပ်ရှား လိုက တဲ့အခါ သူ့ကိုယ်ပေါ်မှာ အမြစ်တွယ်နေတဲ့ ဂါးရုံတောကြီးပါ လိုက်ပြီး လှုပ်လာတာပေါ့ဗျာ "

" အော်.. လတ်စသတ်တော့ ဒီလိုကိုး ဒါဆို သူတို့ ခေါင်းကရောဗျာ "

" ခေါင်းကတော့ တောတွင်းတစ်နေရာမှာ ရှိမှာပေါ့ဗျာ "

" အော်..."

သို့နှင့် ကျွန်ုပ်ရင်ထဲက ပုစ္ဆာလည်း ဒေါက်တာ နိုင်ဇော် အဖြေကြောင့် ရှင်းလင်းသွားရလေတော့သည် ။

(၆)

နောက်တစ်နေ့ နံနက်တွင် ရွာသားများအား သူကြီးအိမ်တွင် စုနေစေပြီး အဖြေကို ပြောပြလိုက်လေသည် ။ ရွာသား များမှာ အံ့သြလွန်း၍ မျက်တောင်ပင် မခတ်ကြပေ ။ ပြီးနောက်

" တော်သေးတာပေါ့ ဆရာရယ် ဆရာတို့လို ဗဟုသုတကြွယ်ဝလူမို့သာပေါ့ ကျွန်တော်တို့ ဖြင့် သရဲ ခြောက် တယ်ပဲ ထင်နေတာဗျာ ဒါနဲ့ ဒီမြွေကြီးကို ဘယ်လို လုပ်ရမလဲဗျာ "

" ဒီလို ရှိတယ်ဗျာ ဒီကောင်ကြီး ငြိမ်နေတုန်းတော့ အကြောင်းမဟုတ်ဘူးဗျ ဒါပေမယ့် အချိန်တန်လို့ ဗိုက်ဆာလို့ လှုပ်ရှား လိုက်ရင်ဒီရွာကလေးလည်း ပျက်သွားနိုင်တယ် ဒီတော့ ဒီကောင်ကြီးကို ရှင်းပစ်ရမယ်ဗျာ ရှင်းရမယ့် နည်းလမ်းကတော့ အခု ဒီရွာရဲ့ ဘေးက ခမာ တောင်ခြေမှာ ရထားလမ်းဖောက်ဖို့ တောင်တွေ ဖြိုနေကြတယ် ။ သူတို့ကို အကူအညီတောင်းပြီး ဒီကောင်ကြီးကို မိုင်းနဲ့ ရှင်းပစ်ရမှာပဲ "

" အေးဗျာ ဆရာရဲ့ အကြံကတော့ အကောင်းဆုံးပဲ ဒီကောင်ကြီးက သူ့ဘာသာနေတဲ့အတွက် ရက်စက်ရာ ကျပေမယ့် မတတ်နိုင်ဘူးလေ တချိန်လူတွေ ဒုက္ခမရောက်ဖို့အတွက် ရှင်းပစ်ရမှာပဲ ဆရာရေ "

ဒီလိုနဲ့ ရွာသူကြီး ဦးအေးမောင် နဲ့ ရပ်ရွာလူကြီးများ ၊ ကျွန်ုပ်တို့ နှစ်ဦး ပေါင်းပြီး မိုင်းလုပ်သားများကို သွား၍ အကူ အညီတောင်းကြလေသည် ။

ရထားလမ်းအလုပ်သမားများကလည်း အထက်လူကြီးကို တင်ပြပြီး အကူအညီပေးလေသည် ။ သို့နှင့် သက်ကယ် သောင်ရွာ ကလေးတွင် ရွာသူရွာသားများအား ထိတ်လန့်တုန်လှုပ်စေခဲ့သော မြွေကြီးအား မိုင်းခွဲ၍ ရှင်းပစ် လိုက်လေတော့သည် ။ ကျွန်ုပ်တို့ နှစ်ဦး၏ စိတ်ထဲတွင်ကား သူ့ဘာသာနေသော မြွေကြီးအား တမင်တကာ သတ်ဖြတ်လိုက်ရခြင်း ဖြစ်သော်လည်း နောင်တစ်ချိန် ရွာသူရွာသူများ၏ အသက်ပေါင်းများစွာနှင့် ပတ်သည် နေသည်ဖြစ်သောကြောင့် သာ သတ်ဖြတ်ရခြင်း ဖြစ်သည်မို့ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရလေတော့သတည်း ။

စာရေးသူ......သက်တန့်ချို (၂၆.၃.၁၀)